*Office Use Only*
KT______
S________
CoE______
SE________
ENL______

# Charter School for Applied Technologies

# 2022-2023 ပညာသင်နှစ်အတွက် ကျောင်းသားသစ် စာရင်းသွင်းမှုလျှောက်လွှာ

ကျေးဇူးပြု၍ ရှင်းလင်းပြတ်သားစွာ ရေးသားဖော်ပြပါ။ CSAT တွင် စာရင်းသွင်းရန် လျှောက်ထားသည့် ကျောင်းသားတစ်ဦးစီအတွက် သီးသန့်လျှောက်လွှာတစ်ခုကို ဖြည့်ရမည်။

| | | | |
|---|---|---|---|
| **ကျောင်းသား၏ နောက်ဆုံးအမည်-** | **ကျောင်းသား၏ ပထမအမည်-** | | |
| **မွေးသက္ကရာဇ်-** | **လိင်အမျိုးအစား (ချန်ထားခဲ့နိုင်သည်)-** **ကျား** **မ** | | |
| **လမ်းလိပ်စာ-** **တိုက်ခန်း-** | **မြို့-** | **ပြည်နယ်-** | **ဇစ်ကုဒ်-** |

**လျှောက်ထားသည့်အတန်း (<u>2022-2023</u> ပညာသင်နှစ်အတွက် ကျောင်းသားတက်ရောက်မည့် အတန်းအဆင့်) – အတန်း <u>တစ်</u> ခုကိုသာ ဝိုင်းရမည်-**

**K 1 2 3 4 5 6 7 8 9 10 11 12**

**လျှောက်ထားသူသည် ယခင်က CSAT တွင် တက်ရောက်ဖူးပါသလား။ ☐ ဟုတ်သည် ☐ မဟုတ်ပါ**

**ဦးစားပေးရွေးချယ်မှု(များ) (လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ) ကို အောက်ဖော်ပြပါ 'ဟုတ်သည်' တစ်ခုစီအတွက် *ကျပန်းရွေးချယ်ခြင်းဖြင့်သာ* ပေးပါမည်-**
**လက်ရှိ CSAT တွင် တက်ရောက်နေသည့် မောင်နှမသားချင်း(များ) ရှိပါသလား။ ☐ ဟုတ်သည် (လျှောက်ထားသူ၏ မွေးစာရင်း လိုအပ်သည်) ☐ မဟုတ်ပါ**
**ရှိပါက ၎င်းတို့၏ အမည်အပြည့်အစုံ(များ)နှင့် လက်ရှိအတန်းအဆင့်(များ)ကို ဖော်ပြပါ။ "မောင်နှမသားချင်းများ" သည် တရားဝင်အုပ်ထိန်းသူတစ်ဦးတည်း၏ အောက်တွင်ရှိသောကျောင်းသားများ ဖြစ်ပါသည်။**

___________________________________________________________________________

**သင်သည် Kenmore-Tonawanda ကျောင်းခရိုင်တွင် နေထိုင်ပါသလား။ ☐ ဟုတ်သည် (နေထိုင်ကြောင်း အထောက်အထား လိုအပ်သည် *)* ☐ မဟုတ်ပါ**
**လျှောက်ထားသူတွင် CSAT ၌ အလုပ်လုပ်သော မိဘ/တရားဝင်အုပ်ထိန်းသူ ရှိပါသလား။ ☐ ဟုတ်သည် ☐ မဟုတ်ပါ**

**ရှိပါက ဝန်ထမ်းအမည်နှင့် ဌာနကို ဖော်ပြပါ- ___________________________________________**
**လျှောက်ထားသူတွင် တစ်ဦးချင်းပညာရေးအစီအစဉ် (IEP) ရှိပါသလား နှင့်/သို့မဟုတ် အထူးပညာရေးဝန်ဆောင်မှုတစ်ခုခု (စကားပြောဆိုမှု၊ PT၊ OT စသည်) ကို ရထားပါသလား။**
**☐ ဟုတ်သည် (ကျေးဇူးပြု၍ လျှောက်ထားသူ၏ ကျောင်းသားအချက်အလက်များကို ရေးသားဖော်ပြထားသော IEP ပထမစာမျက်နှာကိုပေးပါ) ☐ မဟုတ်ပါ**
**လျှောက်ထားသူသည် အင်္ဂလိပ်ကို ဘာသာစကားအသစ် (ENL) အဖြစ် ဝန်ဆောင်မှုများကို ရရှိပါသလား။**
**☐ ဟုတ်သည် (မိခင်ဘာသာစကားကို သတ်မှတ်ဖော်ပြပါ _______________________) ☐ မဟုတ်ပါ**

**အောက်ပါ အချက်အလက်များသည် ကျောင်းသားနှင့်အတူ နေထိုင်သည့် မိဘ/အုပ်ထိန်းသူနှင့် သက်ဆိုင်သည်-**

| | | |
|---|---|---|
| **မိဘ/အုပ်ထိန်းသူ၏ နောက်ဆုံးအမည် -** | **မိဘ/အုပ်ထိန်းသူ၏ ပထမအမည် -** | **ကျောင်းသားနှင့် တော်စပ်ပုံ-** |
| **ဦးစားပေး ဖုန်းနံပါတ် (အိမ်ဖုန်း၊ ဆဲလ်ဖုန်း သို့မဟုတ် အလုပ်ဖုန်း)-** **( )** | **အရန် ဖုန်းနံပါတ် (အိမ်ဖုန်း၊ ဆဲလ်ဖုန်း သို့မဟုတ် အလုပ်ဖုန်း)-** **( )** | |
| **မိဘ/အုပ်ထိန်းသူ၏ လက်မှတ်-** | **ရက်စွဲ-** | **မိဘ/အုပ်ထိန်းသူ၏ အီးမေးလ်လိပ်စာ (လိုအပ်သည်)-** |

**ခွင့်ပြုချက်-** ကျွန်ုပ်သည် ဤလျှောက်ထားသူ၏ ကိုယ်စား Charter School for Applied Technologies တွင် တရားဝင်လျှောက်ထားပိုင်ခွင့်ရှိကြောင်း အတည်ပြုပါသည်။ ဤလျှောက်လွှာတွင် ပေးထားသည့် မှားယွင်းသော အချက်အလက်မှန်သမျှသည် ဤလျှောက်လွှာကို ဥပဒေအရ တရားမဝင်၍ ပျက်ပြယ်သွားစေမည်ဖြစ်ကြောင်း ကျွန်ုပ်ထပ်မံ၍ အသိအမှတ်ပြုပါသည်။

**ခွဲခြားဆက်ဆံမှုမရှိစေရေး ကြေညာချက်-** အစိုးရလုပ်ပိုင်ခွင့်ရကျောင်းသည် တိုင်းရင်းသား၊ နိုင်ငံသားဇာတိ၊ လိင်အမျိုးအစား၊ မသန်စွမ်းမှု၊ ဉာဏ်ရည်ဉာဏ်သွေး၊ အောင်မြင်မှု သို့မဟုတ် တတ်မြောက်မှု အတိုင်းအတာ၊ အားကစားစွမ်းရည်၊ လူမျိုး၊ အယူဝါဒ၊ ဘာသာရေး သို့မဟုတ် မျိုးရိုးအပေါ် အခြေခံ၍ အပါအဝင် ဥပဒေနှင့်မလျော်ညီစွာ ကျောင်းသားတစ်ဦးဦးအား ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ၎င်း၏ဝင်ခွင့်အပေါ် ကန့်သတ်ခြင်းတို့ကို မပြုလုပ်ရပါ။ ကျောင်းတစ်ကျောင်းသို့ ဝင်ခွင့်ရရန်အတွက် လျှောက်ထားသူတစ်ဦးက လျှောက်လွှာ လက်ခံရန်ဖြစ်စေ၊ လျှောက်လွှာတင်ရန်ဖြစ်စေ (ဥပမာ ဝင်ခွင့်စာမေးပွဲ၊ လူတွေ့မေးမြန်းပြောဆိုခြင်း၊ စာစီစာကုံး၊ အချက်အလက်ဆွေးနွေးပွဲ တက်ရောက်ခြင်း စသည်တို့ကဲ့သို့) ကျောင်းသား သို့မဟုတ် မိသားစု၏ မည်သည့်လှုပ်ရှားဆောင်ရွက်မှုမျှ မလိုအပ်ပါ။

*ဤလျှောက်လွှာသည် 2011 ခုနှစ်၊ နိုဝင်ဘာလတွင် နယူးယောက် ပြည်နယ်ပညာရေးဌာနက သတ်မှတ်ထားသော စံနှုန်းများနှင့် ကိုက်ညီပါသည်။*

___________________________________________________________________________

# Charter School for Applied Technologies

## 2022-2023 ပညာသင်နှစ်အတွက် ကျောင်းသားသစ် စာရင်းသွင်းမှုလျှောက်လွှာ

## စာရင်းသွင်းကာလသည် 2022 ခုနှစ်၊ ဧပြီလ 1 ရက်နေ့တွင် ပြီးဆုံးပါမည်

- ကျောင်းအပ်နှံမည့် ကျောင်းသားတစ်ဦးစီအတွက် သီးသန့်လျှောက်လွှာတစ်ခုကို ဖြည့်ရမည်။
- 2022-2023 ပညာသင်နှစ်အတွက် သူငယ်တန်း အပ်နှံမည့်သူများသည် 2022 ခုနှစ်၊ ဒီဇင်ဘာလ 1 ရက်နေ့တွင်သို့မဟုတ် ယင်းမတိုင်မီတွင် ငါးနှစ်ပြည့်ပြီးဖြစ်ရမည်။
- စာရင်းသွင်းမှု ကျပန်းရွေးချယ်မှုတွင် ပါဝင်ရန် လျှောက်လွှာများကို 2022 ခုနှစ်၊ ဧပြီလ 1 ရက်နေ့ နောက်ဆုံးထား၍ စာရင်းသွင်းရုံးတွင် လက်ခံရရှိပြီးဖြစ်ရမည်။
- စာရင်းသွင်းကာလ ပြီးဆုံးပြီးနောက် လက်ခံရရှိသော လျှောက်လွှာများကို ကျပန်းရွေးချယ်မှုတွင် ထည့်သွင်းမည်မဟုတ်ပါ။ ထိုလျှောက်ထားသူများ၏ အမည်များကို ကျပန်းရွေးချယ်မှုက ထုတ်ပေးထားသော စောင့်ဆိုင်းစာရင်း၏ ပြီးဆုံးချိန်တွင် ၎င်းတို့၏ လျှောက်လွှာများကို လက်ခံရရှိသည့် နေ့စွဲနှင့် အချိန်အစဉ်အတိုင်း ထားရှိပါမည်။
- ထွက်ရှိလာသော စောင့်ဆိုင်းစာရင်းသည် 2022-2023 ပညာသင်နှစ် တစ်နှစ်လုံးအတွက် အကျုံးဝင်မည်ဖြစ်သည်။
- CSAT သည် Tonawanda Union Free School District ၏ Kenmore-Town အတွင်း တည်ရှိသောကြောင့် ထိုဒေသမှ လျှောက်ထားသူများသည် ကျပန်းရွေးချယ်မှုတွင် ဦးစားပေးခံရပါမည်။ နေထိုင်ကြောင်း သက်သေအထောက်အထားကို လျှောက်လွှာတင်ချိန်တွင် လိုအပ်ပါသည်။ လက်ခံနိုင်သည့် နေထိုင်ကြောင်း သက်သေအထောက်အထား- အိမ်ငှား သို့မဟုတ် ငှားရမ်းမှု သဘောတူညီချက်၊ ပေါင်နှံမှုရှင်းလင်းချက်၊ ပိုင်ဆိုင်မှုအခွန် ငွေတောင်းခံလွှာ၊ ဓာတ်အားခငွေတောင်းခံလွှာ ("ဝန်ဆောင်မှု လိပ်စာ" ကို ပြထားသည့် စာမျက်နှာ အပြည့်အစုံ)၊ အိမ်ပိုင်ရှင် သို့မဟုတ် အိမ်ငှားသူ၏ အာမခံကြေးရှင်းလင်းချက်။
- လက်ရှိ စာရင်းသွင်းထားသည့် CSAT ကျောင်းသားများ၏ မောင်နှမသားချင်းများသည်လည်း ကျပန်းရွေးချယ်မှုတွင် ဦးစားပေးခံရပါသည်။ မောင်နှမသားချင်းဆိုသည်မှာ တရားဝင်အုပ်ထိန်းသူတစ်ဦး၏ အောက်တွင်ရှိသောကျောင်းသားများဖြစ်သည်။ CSAT တွင် လက်ရှိစာရင်းသွင်းထားသည့် ကျောင်းသား(များ)၏ အမည်အပြည့်အစုံနှင့် အတန်းကို လျှောက်လွှာတွင် ထည့်သွင်းပေးရမည်ဖြစ်ပြီး မောင်နှမသားချင်းဖြစ်ကြောင်း သက်သေအထောက်အထား (လျှောက်ထားသူ၏ မွေးစာရင်း သို့မဟုတ် အုပ်ထိန်းသူအမည်ပါသော တရားဝင်စာရွက်စာတမ်း) ကို လျှောက်လွှာနှင့်အတူ ပေးပို့ရပါမည်။
- CSAT တွင် အလုပ်လုပ်နေသည့် မိဘ/တရားဝင် အုပ်ထိန်းသူတစ်ဦး ရှိသည့် လျှောက်ထားသူများသည်လည်း ကျပန်းရွေးချယ်မှုတွင် ဦးစားပေးခံရပါသည်။ မိဘ/တရားဝင် အုပ်ထိန်းသူ၏ အမည်နှင့် CSAT ဝန်ထမ်း အချက်အလက်များကို လျှောက်လွှာပေါ်တွင် ရေးသားဖော်ပြရမည်။
- တစ်ဦးချင်း ပညာရေးအစီအစဉ် (IEP)/အထူး ပညာရေး ဝန်ဆောင်မှုများ (အတိုင်ပင်ခံ ဆရာ/ဆရာမ၊ စကားပြော၊ လုပ်ငန်းခွင် ကုထုံး၊ ရုပ်ပိုင်းဆိုင်ရာ ကုထုံး စသည်) တို့ကို ရထားသော ကျောင်းသားများသည် ပေးထားသော IEP အထောက်အထားနှင့်အတူ ကျပန်းရွေးချယ်မှုတွင် ဦးစားပေးမှု ရရှိပါသည်။
- ENL (English as a New Language) ကျောင်းသားများသည် ဦးစားပေး 2 မှတ် ရရှိပါသည်။ ENL ကျောင်းသားများသည် ၎င်းတို့၏ မိခင်ဘာသာစကားကို လျှောက်လွှာပေါ်တွင် သတ်မှတ်ဖော်ပြပေးရန် လိုပါသည်။
- "ဦးစားပေးရွေးချယ်မှုများ" သည် စာရင်းသွင်းကာလအတွင်း လက်ခံရရှိသည့် လျှောက်လွှာများအတွက်သာ အကျုံးဝင်ပါသည်။ စာရင်းသွင်းကာလ ပြီးဆုံးပြီးနောက် စာရင်းသွင်းမှုအတွက် ဦးစားပေးရွေးချယ်မှုများ မရှိပါ။
- ကျပန်းရွေးချယ်မှုတွင်ပါဝင်သော လျှောက်ထားသူအားလုံးကို စာရင်းသွင်းမှုအတွက် ရွေးချယ်ခံထားရပါက ကျပန်းရွေးချယ်ပြီးနောက် ရက်အနည်းငယ်အတွင်း စာတိုက်မှတစ်ဆင့် အကြောင်းကြားပါသည် သို့မဟုတ် စောင့်ဆိုင်းစာရင်းတွင် (၎င်းတို့၏ စောင့်ဆိုင်းစာရင်းနံပါတ်နှင့်) ထည့်သွင်းထားပါသည်။
- နောင်တွင် လက်ခံကြောင်း အကြောင်းကြားချက် (ကနဦး ကျပန်းရွေးချယ်မှု ရလဒ်များပြီးနောက် လက်ခံမှု) ကို ဖုန်း နှင့်/သို့မဟုတ် အီးမေးလ်ဖြင့်သာ ပြုလုပ်ပါသည် (စာဖြင့်မဟုတ်ပါ)။ သင့်ဖုန်း/အီးမေးလ် ဆက်သွယ်ရန် အချက်အလက်တွင် တစ်စုံတစ်ရာ ပြောင်းလဲမှုများရှိပါက (716) 871-7400 လိုင်းခွဲ 4120 မှတစ်ဆင့် စာရင်းသွင်းရုံးသို့ အကြောင်းကြားရန် အလွန်အရေးကြီးပါသည်။
- အောက်ပါ စာသင်ကျောင်း 3 ခု၏ လိပ်စာများကို မှတ်သားထားပါ-
  - မူလတန်းကျောင်း- **K မှ 5 တန်း**- 2303 Kenmore Avenue, Buffalo, NY 14207
  - အလယ်တန်းကျောင်း- **6 တန်းမှ 8 တန်း**- 24 Shoshone Street, Buffalo, NY 14214
  - အထက်တန်းကျောင်း- **9 တန်းမှ 12 တန်း**- 2245 Kenmore Avenue, Buffalo, NY 14207

**ပြီးပြည့်စုံသော လျှောက်လွှာ စာရွက်စာတမ်းများကို အောက်ပါနည်းလမ်းတစ်ခုခုဖြင့် ပေးပို့ပါ-**

- စာရင်းသွင်းရုံး 317 Vulcan St, Buffalo, NY 14207 သို့ လူကိုယ်တိုင် လာရောက်ပေးပို့ပါ။ ရုံးချိန်များမှာ တနင်္လာမှ သောကြာအထိ မနက် 7:30 နာရီမှ ညနေ 4:00 နာရီအတွင်းဖြစ်သည်။
- USPS၊ UPS၊ FedEx စသည်တို့ဖြင့် စာရင်းသွင်းရုံး 317 Vulcan St, Buffalo, NY 14207 သို့ စာတိုက်မှတစ်ဆင့် ပေးပို့ပါ။*
- sbilquin@csat-k12.org သို့ အီးမေးလ်ပို့ပါ။*
- (716) 871-5925 သို့ ဖက်စ်ပို့ပါ။*

*လျှောက်လွှာ စာရွက်စာတမ်း တင်သွင်းမှု စိစစ်ရေးပြေစာကို လူကိုယ်တိုင် လာရောက်တင်သွင်းသည့် လျှောက်လွှာများအတွက်သာ ပေးအပ်မည်ဖြစ်ကြောင်းသတိပြုပါ၊ ပြေစာများကို စာတိုက်မှတစ်ဆင့် ပေးပို့မည် မဟုတ်ပါ။

- သို့မဟုတ် www.csat-k12.org/apply တွင် အွန်လိုင်းမှတစ်ဆင့် လျှောက်ထားပါ

နောက်ထပ်အချက်အလက်များ သိရှိရန် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် www.csat-k12.org ကို ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် အောက်ပါအတိုင်း ဆက်သွယ်ပါ-


Susan Bilquin<br>
CSAT Family Support Center<br>
317 Vulcan Street<br>
Buffalo, New York 14207<br>
(716) 871-7400 လိုင်းခွဲ။ 4120